# ပက္ခဃာတ လေငန်းရောဂါစာတမ်း

စန်းလွင်၊ သန်းထွန်းအောင်၊ ထက်ထက်လှိုင်၊ ဇင်မာဦး၊ ခိုင်ဝေလွင်၊ သီသီချို၊ သန္တာထွန်း
ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီး၊ မန္တလေးမြို့

ကမ္ဘာပေါ်ရှိလူသားတိုင်းအတွက် "ကျန်းမာခြင်း"ဟူသည် အလွန်တရာ အရေးကြီးလှသည်။ သို့သော် လူသားတို့၏ နေ့စဉ်လှုပ်ရှားဆောင်ရွက်မှုများကြောင့်လည်းကောင်း၊ နေထိုင်စားသောက်မှု ပုံစံပြောင်းလဲလာမှုကြောင့် လည်းကောင်း၊ အကြော အရိုးအဆစ်ရောဂါများ ပိုမိုဖြစ်ပွားလျက်ရှိ သည်။ ထိုအကြောအရိုးအဆစ် ရောဂါများထဲတွင် ယနေ့ခေတ်တွင် အဖြစ်များလာသော ပက္ခဃာတလေငန်းရောဂါ အဖြစ်များလာသည်ကို တွေ့ရှိရသည်။

ပက္ခဃာတလေငန်းရောဂါ ဖြစ်လာရသည်နှင့်အတူ မိသားစု၏ စီးပွားရေး၊ လူမှုရေး၊ တိုင်းပြည်၏လုပ်အားများ ဆုံးရှုံးမှုတွေ ဖြစ်ပေါ်လာပါသည်။ သို့ဖြစ်ပါ၍ ပက္ခဃာတလေငန်းရောဂါ၏ စမ်းသပ်စစ်ဆေးနည်းများ၊ ယှဉ်တွဲတွေ့ရတတ်သော လက္ခဏာများ၊ ရောဂါမဖြစ်ပေါ်မီခံစားရသော ရှေ့ပြေးလက္ခဏာများ (ပုဗ္ဗရုပ်) သိရှိပြီး ကြိုတင်ကာကွယ်ရန်နှင့် မြန်မာ့ရိုးရာအကြောပြင် နည်းစနစ်ဖြင့် အကြောပြင်ထောက်ကွက်များ၊ ကုသပုံနည်းစနစ်အဆင့်ဆင့်ကို သိရှိစေရန် ရည်ရွယ်၍ ဤစာတမ်းဖြင့် ပြည်သူလူထု ကျန်းမာရေးအတွက် တစ်စုံတစ်ရာ အတိုင်းအတာတစ်ခုအထိ အကျိုးကျေးဇူး ပေးနိုင်ပါသောကြောင့် ဤစာတမ်းကို လေ့လာတင်ပြရခြင်း ဖြစ်ပါသည်။